**၆။စပါးရွက်ခေါက်ပိုး**

**Rice leaffolder :*Cnaphalocrosis medinalis* (Guenée, 1854)**

**Lepidoptera: Pyralidae**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**





လောက်ကောင်ငယ်သည်အဖြူဖျော့ရောင်နှင့်အမဲရောင်ဦးခေါင်းရှိသည်။အကောင်ကြီးလာသောအခါဦးခေါင်းမှာအညိုဖျော့ရောင်နှင်.ခန္ဓာကိုယ်မှာကြည်လင်ပြီးအမွေးအညိုရောင်များနှင်.ဖုံးထားသည်။ရုပ်ဖုံးမှာအညိုရင့်ရောင်ရှိသည်။အကောင်ကြီးမှာငွေရောင်ရှိပြီးအရှေ့အတောင်တွင်ကန့်လန့်ဖြတ်အတွင်းနှင့်အပြင်အညိုနှင့်လိမ္မော်ရင့် ရောင်အစင်းများပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



စပါးပင်များကွက်၍ဖြူနေသည်ကိုတွေ့ရှိရသည်။ပြွန်ပုံရှိစပါးရွက်လိပ်များအတွင်းတွင်လောက် ကောင်ငယ်များအား တွေ့ရသည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥ အဆင့် | – (၆-၈) ရက် |
| လောက်ကောင် အဆင့် | – (၂၅-၃၀) ရက် |
| ရုပ်ဖုံး အဆင့် | – (၁၀-၁၈၀) ရက် |
| အကောင်ကြီး အဆင့် | – (၂-၅) ရက် |

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) ကန်သင်းပတ်လည်ပေါင်းမြက်များအားရှင်းလင်းပါ။

(၂) မြေလှုပ်ပါ။

(၃)လမိုင်းထားခြင်းမပြုလုပ်ရပါ။

(၄)အပင်စိပ်စိပ်စိုက်ခြင်းမှရှောင်ကြဉ်ပါ။

(၅)ဓါတ်မြေဩဇာသင့်တင့်သောနှုန်းထားထည့်ပေးပါ။

(၆) ဖျက်ပိုးဒဏ်ခံနိုင်ရည်ရှိသောမျိုးများရွေးချယ်စိုက်ပျိုးပါ။

(၇)ရွက်ခေါက်ပိုးအားတွေ့ရှိ၍ပိုးသတ်ဆေးဖျန်းခြင်းသည်ဖြုတ်ပိုးကျရောက်မှုနှင့်ပေါက်ပွါးမှုများ နိုင်သည့်အတွက်ပိုးသတ်ဆေးကိုသတိပြုဆင်ခြင်သုံးစွဲပါ။

(၈)ကျရောက်မှုများ၍လိုအပ်မှထိသေ၊စားသေ အာနိသင်ရှိ ပိုးသတ်ဆေးတစ်မျိုးမျိုးကို ဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီ စောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ၍စနစ်တကျ ရိတ်သိမ်းပါ။

- ဖလူဗန်ဒိုင်ယာမိုက်(Flubendiamide)
- ကလိုရမ်ထရမ်နီလီပရော(Chlorantraniliprole)

- အင်ဒိုဇာကပ်(Indoxacarb)
- ကာဘာရိုင်း(Carbaryl)